**ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ**
**သတ္တုတွင်းဝန်ကြီးဌာန**
**မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း**
**နေပြည်တော်**
**လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများရောင်းချခြင်းလုပ်ငန်းလိုင်စင်**
**သက်တမ်းတိုးမြှင့်ခွင့်လျှောက်လွှာ တင်သွင်းရန်**
**ကြေညာချက် ( ၁ /၂၀၁၃ )**
**၁၃၇၅ ခုနှစ် ဝါခေါင်လပြည့်ကျော် ၁၂ ရက်**
**( ၂၀၁၃ ခုနှစ် စက်တင်ဘာလ ၂ ရက် )**

၁။ သတ္တုတွင်းဝန်ကြီးဌာန၊ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းက ၂၀၁၃ ခုနှစ်အတွက် ခွင့်ပြုထားသော လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်တုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင်များသည် ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက်တွင် သက်တမ်းကုန်ဆုံးမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းများဆက်လက်လုပ်ကိုင်လိုပါက လိုင်စင်အသစ် ထပ်မံထုတ်ပေးရန် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လျှောက်ထားရမည်ဖြစ်ပါသည်။ လိုင်စင်ရရှိသူသည် လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်း မရှိပါက လိုင်စင်သက်တမ်းမကုန်ဆုံးမီ (၁) လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ လက်ရှိလိုင်စင်သက်တမ်း ကုန်ဆုံးချိန်မှစ၍ လုပ်ငန်းများဆက်လက်လုပ်ကိုင်ခြင်း မပြုတော့ကြောင်း အကြောင်းကြားရမည်ဖြစ်ပါသည်။

၂။ လက်ဝတ်ရတနာနှင့် ကျောက်စိမ်းရုပ်ထုရုပ်ထွင်းများ ရောင်းချခြင်းလုပ်ငန်းလိုင်စင်များ သက်တမ်းတိုးမြှင့်ခြင်း အတွက် လျှောက်လွှာတင်သွင်းခြင်းများကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန၊ မိုးကုတ်မြို့နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅ x ၆၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်တို့သို့ ဆက်သွယ်၍ အောက်ပါ အတိုင်းဆောင်ရွက်ရန်ဖြစ်ပါသည် -

(က) **၂၀၁၄ ခုနှစ်အတွက် လုပ်ငန်းလိုင်စင်သက်တမ်းတိုး လျှောက်ထားခြင်း။**

လိုင်စင်သက်တမ်းတိုး လျှောက်ထားလိုသူ များသည် ၂၀၁၃ ခုနှစ်၊ အောက်တိုဘာလ (၁) ရက်မှ နိုဝင်ဘာလ (၃၀) ရက် မတိုင်မီကာလအတွင်း မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်မျက် တူးဖော်ရေးဌာန၊ မိုးကုတ်မြို့နှင့် မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅ x ၆၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့များတွင် သတ်မှတ်ချက်များနှင့်အညီ လျှောက်လွှာများတင်သွင်းရ ပါမည်။

(ခ) **လိုင်စင်သက်တမ်းကုန်ဆုံးပြီး လုပ်ငန်းဆက်လက်လုပ်ကိုင်လိုခြင်း မပြုလိုသူများ**

(၁) လုပ်ငန်းမရပ်စဲမီတစ်လကြိုတင်၍ မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်းသို့ အကြောင်း ကြားပြီး သတ်မှတ်ချက်နှင့်အညီ လိုင်စင်များပြန်လည်အပ်နှံကြရန် ဖြစ်ပါသည်။

(၂) လုပ်ငန်းလိုင်စင်နှင့် ထုတ်ယူထားသောအရောင်းပြေစာစာအုပ် (CASH MEMO) များ စာရင်းရှင်းလင်း အပ်နှံခြင်းများကို ၂၀၁၃ ခုနှစ်၊ ဒီဇင်ဘာလ (၃၁) ရက် နေ့မတိုင်မီ လာရောက်ဆက်သွယ်ဆောင်ရွက် ကြရန်နှင့် ဆက်သွယ်ဆောင်ရွက်ခြင်းမရှိပါက လုပ်ငန်းလိုင်စင်ရပ်စဲခံရမည် ဖြစ်ပါသည်။

၃။ အသေးစိတ်သိလိုသည်များကို မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း (ရုံးချုပ်) နေပြည်တော်၊ မြန်မာ့ ကျောက်မျက်ရတနာပြတိုက် (ရန်ကုန်)၊ ကျောက်မျက်တူးဖော်ရေးဌာန၊ မိုးကုတ်မြို့နှင့် မြန်မာ့ကျောက်မျက်ရတနာ ရောင်းဝယ်ရေးလုပ်ငန်း (မန္တလေးရုံးခွဲ)၊ အမှတ်(၂၂)၊ ၃၅ x ၆၄ လမ်းထောင့်၊ ချမ်းအေးသာစံမြို့နယ်၊ မန္တလေးမြို့များတို့တွင် ဆက်သွယ်စုံစမ်းနိုင်ပါသည်။

မြန်မာ့ကျောက်မျက်ရတနာရောင်းဝယ်ရေးလုပ်ငန်း